# ဘုရားဝတ်၌ မွေလျော်ခြင်း၏ နက်နဲသောအရာ

၁တိ ၃း၁၅တွင် ရှင်ပေါလုက *"သင်သည် ဘုရားသခင်၏ အိမ်တော်၌ အဘယ်သို့ ကျင့်ကြံပြုမူရမည်ကို သိစေခြင်းငှါ ဤသို့ ငါရေး၍ ပေးလိုက်၏။ ထိုအိမ်တော်ကား၊ အသက်ရှင်တော်မူသော ဘုရားသခင်၏ အသင်းတော်ဖြစ်၏။ ထိုအသင်းတော်ကား သမ္မာတရား၏ အမှီတကဲ ဖြစ်၏။ သမ္မာတရား၏ တည်ရာလည်းဖြစ်၏"*။

အကြီးမားဆုံးသော သမ္မာတရားကို အသင်းတော်ထဲ၌ ဖွင့်ပြပေးခြင်းအားဖြင့် သွန်သင်ခြင်းနှင့် ယုံကြည်ခြင်း ရှိသင့်သည်။ ထိုသမ္မာတရားသည် ဘုရားဝတ်၌ မွေလျော်ခြင်း၏ နက်နဲသောအရာဖြစ်၍၊ ၎င်းသည် ဘုရားသခင်၊ ထာဝရကြီးမြတ်သောသူသည်၊ လူဖြစ်လာသည်။

၁တိ ၃း၁၆တွင် ဘုရားဝတ်၌ မွေလျော်ခြင်း၏ နက်နဲသောအရာကို ထုတ်ဖော်ပြသော အစိတ်အပိုင်း ခြောက်ခုကို ရှင်ပေါလုက ဖော်ပြထားသည်။

*"မှန်သောကိုးကွယ်ခြင်း၏ နက်နဲသောအရာသည် ကြီးစွာသော အရာဖြစ်သည်ဟု ငြင်းခုံရန်မရှိ။ ဘုရားသခင်သည် ကိုယ်ခန္ဓာပေါ်၌ ပေါ်ထွန်းတော်မူပြီ။ ဟုတ်မှန်တော်မူခြင်း အကြောင်းသည် ဝိညာဉ်တော်အားဖြင့် ထင်ရှားပြီ။ ကောင်းကင်တမန်တို့သည် ကိုယ်တော်ကို ဖူးမြင်ရကြပြီ။ တပါးအမျိုးသားတို့သည် သိတင်းတော်ကို ကြားရကြပြီ။ လောကီသားတို့သည် ယုံကြည်ရကြပြီ။ ဘုန်းအသရေနှင့်တကွ အထက်သို့ဆောင်ယူခြင်း ခံတော်မူပြီ"*။

## ၁။ ဘုရားသခင်သည် ဇာတိခံယူခြင်းအားဖြင့် ထင်ရှားခဲ့သည်

၁ယော ၁း၁၊၁၄တွင် ဤသမ္မာတရားကို ရှင်းပြထားသည် *"အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင် ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည်လည်း လူ့ဇာတိအဖြစ်ကို ခံယူ၍၊ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့်၎င်း၊ ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌ တပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည်မြင်ရကြ၏"*။

၁ယော ၁း၁-၃တွင် ယေရှုကို ဤသို့ ဖော်ပြထားသည်၊ *"ရှေ့ဦးစွာကပင်ဖြစ်၍၊ ငါတို့သည် ကိုယ်တိုင်ကြားလျက်၊ ကိုယ့်မျက်စိဖြင့်မြင်လျက်၊ စေ့စေ့ကြည့်ရှု၍ လက်နှင့် စမ်းသပ်ခဲ့ပြီးသော အရာတည်းဟူသော အသက်ရှင်သော နှုတ်ကပတ်တော်နှင့် ဆိုင်သောအရာကို သင်တို့အား ပြသကြ၏။ ထိုအသက်သည် ထင်ရှားခဲ့ပြီ"*။

ရှင်ပေါလုက ယေရှုကို *"ထိုသခင်သည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့် ပြည့်စုံတော်မူသည်"*ဟု ပြောခဲ့သည် **(ဖိ ၂း၆)**။ ယေရှုသည် အစဉ်အမြဲ ဘုရားဖြစ်သည်။ သူသည် လူဇာတိခံခြင်းအားဖြင့် ထင်ရှားသည်**(ဖိ ၂း၇-၈)**။

## ၂။ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သည်

ဘုရားသခင်သည် ဇာတိအားဖြင့် ထင်ရှားခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သက်သေခံရန် သို့မဟုတ် မှန်ကန်သောအရာနှင့် တရားသောအရာကို ထုတ်ဖော်ရန် ဖြစ်သည်။ *"ဘုရားသခင်၏ ဝိညာဉ်တော်ကို အဘယ်သို့ သိနိုင်သနည်း ဟူမူကား၊ လူ့ဇာတိအားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကို ဝန်ခံသော ဝိညာဉ်မည်သည်ကား၊ ဘုရားသခင်နှင့် စပ်ဆိုင်၏။ လူ့ဇာတိအားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကို ဝန်ခံသော ဝိညာဉ်မည်သည်ကား၊ ဘုရားသခင်နှင့် မစပ်ဆိုင်။ ထိုသို့သော ဝိညာဉ်ကား၊ သင်တို့သည် ကြားခဲ့ပြီးသည်အတိုင်း ဤလောကသို့ လာမည်ဖြစ်၍၊ ယခုပင်လာလျှက်ရှိသော အန္တိခရစ်၏ ဝိညာဉ်ဖြစ်၏"*(၁ယော ၄း ၂-၃)။

- ယေရှု၏ သန္ဓေတည်ခြင်း၌- *"သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၏အပေါ်မှာ သက်ရောက်တော်မူ၍၊ အမြင့်ဆုံးသော ဘုရား၏ တန်ခိုးအာနုဘော်တော်သည် သင့်ကို လွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသော သားသည်လည်း ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်"* လုကာ ၁း၃၅။
- ယေရှုဗတ္တိဇံခံယူခြင်း၌ - *"ယေရှုသည် ဗတ္တိဇံကို ခံတော်မူပြီးလျှင်၊ ရေမှ ပေါ်ထစဉ်တွင်၊ ကောင်းကင်ဖွင့်လှစ်သဖြင့်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ဆင်းသက်၍ ကိုယ်တော်အပေါ်၌ နားတော်မူသည်ကို မြင်ရ၍၊ ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏"* မဿဲ ၃း၁၆-၁၇။
- ယေရှု ရှင်ပြန်ထမြောက်ခြင်း၌ - *"လူ့ဇာတိအားဖြင့် သေခြင်းမှ ထမြောက်တော်မူ၍၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်၊ တန်ခိုးနှင့်တကွ ဘုရားသခင်၏သားတော် ထင်ရှားဖြစ်တော်မူသော ငါတို့ သခင်ယေရှုတည်းဟူသော"* ရောမ ၁း၄။

## ၃။ ကောင်းကင်တမန်တို့မှ မြင်တွေ့ရသည်။

- ယေရှု၏ သန္ဓေတည်ခြင်း၌- *"ကောင်းကင်တမန် ကလည်း"* လုကာ၁း၃၅။
- ယေရှုမွေးဖွားခြင်း၌- *"ကောင်းကင်တမန်သည် သူတို့အနားမှာ ပေါ်လာ၍" ယေရှု၏ မွေးဖွားခြင်းကို ကြေငြာခဲ့သည် လုကာ ၂း၉-၁၃*။
- ယေရှုသည် ကလေးသူငယ် ဖြစ်သည့်အတိုင်း ကောင်းကင်တမန်များက စောင့်ရှောက်ခဲ့သည်**(မဿဲ ၂း၁၃-၁၉)**။
- သဲကန္တာရ၌- *"ထိုအခါ မာရ်နတ်သည် အထံတော်မှ ထွက်သွား၍ ကောင်းကင်တမန်တို့သည် ချည်းကပ်လျက် လုပ်ကျွေးကြ၏"* မဿဲ ၄း၁၁။
- ဂေသရေမန်ဥယျာဉ်၌- *"ထိုအခါ ကောင်းကင်တမန်သည် ထင်ရှားလာ၍ ကိုယ်တော်ကို အားပေးရ၏"* လုကာ ၂၂း၄၃။

- ယေရှု၏ ရှင်ပြန်ထမြောက်ခြင်း၌- ***"လူနှစ်ယောက်တို့သည် ပြိုးပြိုးပြက်ပြက်သော အဝတ်ကို ဝတ်ဆင်လျက် ပေါ်လာ၏။ ....ထိုသူတို့က၊ သင်တို့သည် အသေကောင်ရှိရာအရပ်၌ အသက်ရှင်သောသူကို အဘယ်ကြောင့် ရှာကြသနည်း"*** လုကာ ၂၄း၄-၆။
- ကောင်းကင်သို့ ဆောင်ယူခြင်း ခံရသည့်အချိန်၌- ***"လူနှစ်ယောက်တို့သည် ဖြူစင်သော အဝတ်ကို ဝတ်ဆင်လျက်"*** **တမန် ၉း၁၁။**

## ၄။ တပါးအမျိုးသားထံသို့ ဟောကြားခဲ့သည်။

တမန်တော်တို့သည် ***"ထွက်သွား၍၊ ခပ်သိမ်းသော အရပ်တို့၌ တရားဟောကြ၏"*** (မာကု ၁၆း၂၀)။

***"အရပ်ရပ်သို့ ကွဲပြားသော သူတို့သည် လှည့်လည်၍ နှုတ်ကပတ်တော် တည်းဟူသော ဧဝံဂေလိတရားကို ဟောပြောကြ၏"*** **တမန် ၈း၄။**

ရှင်ပေါလုက သူသည် တပါးအမျိုးသားများ၏ တမန်ဟု ပြောခဲ့သည်(**ဂလာတိ ၂း၇-၈**)။ သူသည် ကျေးဇူးတော်ကို ပေးအပ်ခြင်း ခံရ၍ ***"တပါးအမျိုးသားတို့အား ဟောပြောခြင်းငါ့ငှါ"*** **(ဖေက် ၃း၈)**။

ရှင်ပေါလုသည် ဖေက်မြို့၌ အမှုတော်ဆောင်နေသည့် အချိန်တွင် ***"အာရှပြည်သားဖြစ်သော ယုဒလူ၊ ဟေလသလူအပေါင်းတို့သည် သခင်ယေရှု၏ နှုတ်ကပတ်တရားတော်ကို ကြားရကြ၏"*** **တမန် ၁၉း၉-၁၀။**

ရှင်ပေါလုက ***"သမ္မာတရားတည်းဟူသော ဧဝံဂေလိတရားကို သင်တို့သည် အထက်က ကြားသိကြသည့်အတိုင်း၊ ....ထိုတရားသည် လောကီနိုင်ငံ တရှောက်လုံးကို နှံ့ပြားသည်"*** **ကောလောသဲ ၁း၅-၆။**
သမိုင်းအထောက်အထားအရ အသင်းတော်သည် နိုင်ငံအသီးသီးသို့ သွား၍ ယေရှုခရစ်အကြောင်းကို ဟောပြောခဲ့သည်။

## ၅။ ကမ္ဘာလူသားတို့သည် ယုံကြည်ကြသည်။

အဲသယောပိလူသည် ယေရှုခရစ်အကြောင်း ဟောပြောချက်ကို ကြားရ၍ သူပြောခဲ့သည်မှာ - ***"ယေရှုခရစ်သည် ဘုရားသခင်၏သားတော် ဖြစ်တော်မူကြောင်းကို အကျွန်ုပ်ယုံကြည်ပါသည်ဟု ဝန်ခံ၍"*** **တမန် ၈း၃၇။**

ကောနေလိအိမ်၌ ရှင်ပေတရု ကြွေးကြော်ခဲ့သည်မှာ- ***"ထိုသခင်ကို (ယေရှု) ယုံကြည်သောသူ ရှိသမျှတို့သည် နာမတော်အားဖြင့် အပြစ်လွှတ်ခြင်း ကျေးဇူးကို ခံရကြလတံ့"*** **တမန် ၁၀း၄၃-၄၄။**

ယုံကြည်သောအားဖြင့် ဖိလိပ္ပိထောင်မှူးနှင့် သူ၏မိသားစုတို့သည် ကယ်တင်ခြင်း ခံရကြသည် ***"သခင်ယေရှုခရစ်ကို ယုံကြည်၍"*** **တမန် ၁၆း၃၁-၃၂။**

ယနေ့အချိန်ခါ၌လည်း ကမ္ဘာပေါ်ရှိ လူများတို့က ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်သည်ဟု ယေရှုခရစ်ကို ယုံကြည်သောအားဖြင့် ကယ်တင်ခြင်း ရရှိခံစားကြသည်။ အကယ်၍ သင်သည် ဒုတိယအကြိမ်မွေးဖွားခြင်း ခံရသောသူဖြစ်လျှင် သခင်ယေရှုကို အမှန်တကယ် သိကျွမ်း၍၊ ယေရှုခရစ်သည် ဘုရားသခင်၏ လူ့ဇာတိခံခြင်း အကြောင်းကို သက်သေပြရန် သင်သည် အသက်ရှင်သောသူဖြစ်သည်။

## ၆။ ဘုန်းတန်ခိုးတော်ဖြင့် အထက်သို့ ဆောင်ယူသွားခဲ့သည်။

ယေရှုသည် ဘုန်းတန်ခိုးတော်ဖြင့် အထက်အရပ်သို့ ယူဆောင်သွားသည့် အဖြစ်အပျက်ကို တမန်တော်များက သက်သေပြခဲ့သည်- ***"တမန်တော်တို့သည် ကြည့်ရှုလျက်နေကြစဉ်၊ သခင်ဘုရားသည် အထက်သို့ ဆောင်ယူခြင်းကို ခံတော်မူ၍၊ မိုးတိမ်သည် ကိုယ်တော်ကို မျက်ကွယ်အောင် ခံယူလေ၏"*** **တမန် ၁း၉။**

သတေဖန်သည်လည်း ဘုန်းတန်ခိုးတော်ဖြင့် ယေရှုကို မြင်တွေ့ခဲ့သည် ***"ကြည့်ပါ။ ကောင်းကင် ဖွင့်လှစ်သည်ကိုငှင်း၊ လူသားသည် ဘုရားသခင်၏ လက်ျာတော်ဘက်၌ ရပ်နေသည်ကိုငှင်း ငါမြင်သည်ဟုဆို၏"*** **တမန် ၇း၅၆။**

ယေရှုသည် ***"ငါတို့အပြစ်များကို ကိုယ်တော်တိုင်အားဖြင့် သုတ်သင်ပယ်ရှင်းပြီးလျှင်၊ မြင့်သောအရပ်မှာ တန်ခိုးအာနုဘော်တော်၏ လက်ျာဘက်၌ ထိုင်တော်မူ၏"*** **ဟေဗြဲ ၁း၃။**

ယေရှုသည် **"ကောင်းကင်ဘုံသို့ ဆောင်ယူခြင်း ခံတော်မူ၍"** ဘုရားသခင်၏ လက်ယာဘက်တွင် ရှိနေသည် **မာကု ၁၆း၁၉။**

ကြီးမားသော ဘုရားသခင်၏ တန်ခိုးတော်သည် ***"ထိုတန်ခိုးတော်ကား၊ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူ၍ ခရစ်တော်၌ ပြုပြင်သော မဟာအာနုဘော်အရှိန်ကဲ့သို့ဖြစ်၏"*** **ဖေက် ၁း၂၀။**

- **ဘုရားဝတ်၌ မွေ့လျော်ခြင်း၏ နက်နဲသောအရာသည်** ကျွန်တော်တို့၏ ဝန်ခံခြင်း ဖြစ်ရမည်။ ကျွန်တော်တို့သည် ဘုရားတရား၏ နက်နဲသောအရာကို ပြောဆိုနိုင်ရန် သင်ယူရမည်။ ဘုရာသခင်၏ လူဖြစ်လာခြင်း အကြောင်းကို ဝိညာဉ်အသိပညာဖြင့် နားလည်သဘောပေါက်ရမည်။

ရှင်လုကာက **ကောလောသဲ ၂း၉-၁၀**တွင် ခရစ်တော်အကြောင်း ပြောထားသည်- ***"ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်ကို ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။ အထွန်အမြတ်အာဏာစက် ရှိသမျှကို အုပ်စိုးတော်မူသော ထိုသခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြ၏"*** ။

ရှင်ပေါလုက **၂ကော ၅း၁၉-၂၀**တွင် ***"ဘုရားသခင်သည် ခရစ်တော်အထဲ၌ ရှိနေလျက်၊ လောကီသားတို့၏ အပြစ်များကို မှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့စေတော်မူ၏။
ထိုမိတ်သဟာယတရားကိုလည်း ငါတို့၌ အပ်ပေးတော်မူ၏။
ထို့ကြောင့် ငါတို့သည် ခရစ်တော်၏ သံတမန်ဖြစ်ကြ၏"*** ။
ဤအရာသည် ဘုရားဝတ်၌ မွေ့လျော်ခြင်း၏ နက်နဲသောအရာ ဖြစ်သည်။